www.burmeseclassic.com

ဖိုးဝမောင်(အော်စလို)

# ခေါင်း နှင့် ပန်း

ယခုခေါင်းစဉ်ကို စာဖတ်သူတိုင်း တွေ့ဖူးကြမှာပါ။ သို့သော်လည်း တစ်ယောက်နှင့်တစ်ယောက် ကောက်ယူသော အဓိပ္ပါယ် တူညီမည့်ပုံ မပေါ်ပေ။ ကျွန်တော်ကိုယ်တိုင် ကြားဖူး၊ဖတ်ဖူးခဲ့သည့် အကြိမ် မနည်းတော့ပါ။ မည်သို့ပင် ကောက်ယူသော်လည်း အဓိပ္ပါယ် ကွဲပြားနေစေကာမူ ကျွန်တော်တို့ နေ့စဉ်ဖြတ်သန်းနေသော ဘဝလှုပ်ရှားနေသည့် ဖြစ်ရပ်များနှင့် ဆက်စပ်နေကြောင်း လေးနက်စွာ သတိပြုလာမိသည်။

ဤခေါင်းစဉ်ကို မြင်လိုက်သော စာဖတ်သူ၏ ၉၅%သည် နေ့စဉ်သုံးစွဲနေသော ငွေသားအကြွေစေ့၏ တစ်ဖက်စီတွင် ပါရှိသော 'ခေါင်း' နှင့် 'ပန်း' ဟု ပုံဖေါ်တွေးမည်မှာ သေချာလှသည်။ တိုင်းပြည်အလိုက် သုံးစွဲသော 'ငွေ' အမျိုးအစားပေါ်မူတည်ပြီး သရုပ်ပြထားသော သင်္ကေတပုံ ကွဲပြားသလို တစ်ဖက်နှင့်တစ်ဖက်လည်း မတူကြပါ။ အင်္ဂလိပ်လိုလည်း အကြွေစေ့၏ သရုပ်ပြထားသော သင်္ကေတပုံကို **Head and Tail** လို့ပင် အားလုံး လက်ခံခေါ်ယူသုံးစွဲကြသည်။ ငွေသား စက္ကူရွက်တွင်လည်း မျက်နှာ တစ်ဖက်စီတွင် ပုံနှိပ်ထားသော သရုပ်ပြထားသော သင်္ကေတပုံသည် ကွဲပြားကြောင်း စာဖတ်သူတိုင်း သတိပြုမိမှာပါ။

ကျွန်တော်တို့ လူသားတိုင်းသည် 'ငွေ' ဟု အမည်တပ်ထားသော ငွေသား 'စက္ကူ နှင့် အကြွေစေ့' များသည် သုံးစွဲနေသည့် ငွေအမျိုးအစား၊ ပမာဏအလိုက် တစ်ဖက်နှင့် တစ်ဖက်တွင် သရုပ်ပြထားသော သင်္ကေတ ပုံကွဲပြားနေစေကာမူ ၎င်းငွေကို မနှစ်သက်သူ မရှိပါ။ နေ့စဉ် လက်ဝယ်ကိုင်၍ သုံးစွဲနေကြသည်။

ဤမျှလောက်'ငွေ' နှင့် လူသားတို့ အတွေ့အထိ နီးစပ်နေလျှက်နှင့် သတိမမူမိသော အချက်များ ရှိမနေပါကြောင်းနှင့် နေ့စဉ်ဘဝ ဖြစ်စဉ်များနှင့်လည်း တူညီနေကြောင်း တွေးမိ၍ ယခုဆောင်းပါးကိုရေးလိုက်ရပါ သည်။

ကျွန်ုပ်တို့ကိုင်ဆောင် သုံးစွဲနေသော ငွေစက္ကူ၏ ပမာဏကိုသာ အဓိကထားဂရုစိုက် သတိမူကြသည်။တစ်ဖက်စီတွင် မည်သည့်ရုပ်ပုံဖြင့် ပုံနှိပ်ထားသည်၊ ဘယ်နှစ်ရောင်ပါသည်လို့ မေးလျှင် ကျွန်တော်ကိုယ်တိုင် မသိပါ။ ငွေသားစက္ကူကို လက်ခံရယူတိုင်း တစ်ဖက်မျက်နှာကိုသာ ကြည့်ပြီး တန်ဖိုးပမာဏကို အဓိကထား ဂရုစိုက်ကြသည်။ အရွယ်တူ၊ အရောင်တူသော ငွေစက္ကူမျိုး( အမေရိကန်ဒေါ်လာ)ကြလျှင်သာ ပမာဏကို ပုံနှိပ်ထား၍ ၁၀၀၊ ၅၀၊ ၂၀ ကိုဂရုမူကြသည်။ ဘယ်သူကမှ ငွေကိုလက်ခံယူတိုင်း နှစ်ဘက်မျက်နှာကို စီစစ်လေ့မရှိပါ။ ကိုယ်ဘက်ကမြင်ရသော မျက်နှာကိုသာ ကြည့်ပြီးကျေနပ် လက်ခံလိုက်သည်။

ကျွန်တော်တို့ လူသားများသည် နေ့စဉ် ကိစ္စမျိုးစုံကို ကျော်ဖြတ်ပြီး တစ်နေ့တာ ကုန်ဆုံးနေကြရသော်လည်း လုပ်ချင်သော၊ ဖြစ်ချင်သော ကိစ္စဖြစ်မြောက်ရေးကိုသာ ကိုယ့်ဘက်ကနေ တစ်ဖက်သတ် ဦးတည် လုပ်ဆောင်ကြသည်။ လုပ်ရပ်သည် မှျတမှု ရှိမရှိ၊ တစ်ဖက်သူတွင် နစ်နာမှုရှိနေလား စသည့်တွေးခေါ်ချက်များ မရှိပါ။ လုပ်ရပ်အားလုံးကို ကိုယ့်ဘက်ကနေ တဖက်သတ်ကြည့်၍ ပြောဆိုဝေဖန် ဆုံးဖြတ်ကြသည်။ ကိုယ့်ဘက်ကို အသာပေး အမှန်ထား တွက်ကြသည်။

ကံကောင်းနေပြီး အဆင်ပြေမှုများနှင့် ဆုံစည်းနေချိန်များတွင် ငွေရှာရလွယ်နေ၍ ငွေ၏ တန်ဖိုးကို မသိသလို၊ အောင်မြင်အဆင်ပြေနေသော လူသားများသည် မာန်မာနဝင့်ကြွားပြီး ကိစ္စတိုင်းကို ငွေနှင့်တိုင်း၍ လုပ်နိုင် မည်လို့ တွက်ကြသည်။ အဆင်မပြေ၊ ကံကောင်းခြင်းများ ပျောက်ဆုံးချိန်ရောက်မှ ငွေတန်ဖိုးကို သိကြသည်။ ၎င်းနည်းတူ လူ့ဘဝတွင် အဆင်မပြေ၊ အခက်အခဲများ ဆုံတွေ့မှ မာန်မာန ထောင်ကြွားပြီး အသုံးမချမိသော အချိန်ကောင်းများကို နှမြောတမ်းတ နောင်တရကြသည်။

လူ့ဘဝတွင် မရှိမဖြစ်သည့် ကျွန်တော်တို့ တန်ဖိုးထားသော 'ငွေ'သားကို သင်္ကေတပြုထားသော 'ခေါင်း နှင့်ပန်း' သည် ကျောချင်းကပ်၍ တစ်ဖက်စီတွင် ရှိနေစေကာမူ နှစ်ခုပေါင်းမှ တန်ဖိုးရှိပြီး၊ တစ်ဦးနှင့်တစ်ဦး မမြင်နိုင်သော်လည်း အစဉ်သဖြင့်ပေါင်းစီးထားမှ ငွေ၏တန်ဖိုး ပမာဏကို အတည်ပြုနိုင်မည်။ အိမ်ထောင်တစ်ခု ပေါ်ပေါက်ရန် 'ဖခင်' နှင့် 'မိခင်' သည် မရှိမဖြစ်။ အထက်မှာ ရေးသားထားသော 'ခေါင်း နှင့် ပန်း' ပမာ အိမ်ထောင်တည်ဆောက်မှုတွင်ရှိရမည့် အဓိကသူနှစ်ဦး မဟုတ်ပါလား။ တစ်မိသားစီမှ ပေါက်ဖွားလာသော သူနှစ်ဦးသည် ဘယ်သို့သောနည်းနှင့် မှ စိတ်တူကိုယ်တူ မဖြစ်နိုင်ပါ။ ပုံမတူသော 'ခေါင်း နှင့် ပန်း' လို တစ်ဘက်စီ မျက်နှာမူထားသကဲ့သို့ ရှိစေကာမူ မိခင်နှင့် ဖခင်သည် တတ်အားသ၍ အဆင်ပြေ ညှိနှိုင်းနိုင်မှ တန်ဖိုးပမာဏရှိသော အိမ်ထောင်အဖြစ် ရည်ရှည် တည်တံ့နိုင်ပြီး သားသမီးတို့ ပျော်မွေ့ရာ စံအိမ်ကြီး ဖြစ်လာနိုင်မည်။ ကိုယ်ဘက်ကနေမြင်သော ရှုထောင့်တစ်ခုကိုသာ ကြည့်၍ ဘာမှ မဆုံးဖြတ်သင့်ပါ။

အဆင်မပြေသော အိမ်ထောင် တချို့၏ အဓိက အမှားကြီးများမှာ၊

၁. အိမ်ထောင် တစ်ခုလုံး အာဏာကို တစ်ဦးတည်းက ယူထားပြီး မိသားစုနှင့် တိုင်ပင်ဆုံးဖြတ်မှု မလုပ်။ တစ်ဦးတည်းဆုံးဖြတ်သည်။

၂. ငါက မိဘ၊ အိမ်ထောင်ဦးစီး။ တစ်မိသားလုံးကို ရှာကျွေးနေတာ။ ငါပြောတာနားထောင်ရမယ်။

၃. သားသမီးတွေကို ကျောင်းထား၊ကျွေးမွေး၊ ဝတ်စားဆင်ရင်ပေးထားလို့ မိဘ ဝတ္တရားကြေပြီလို့ မိဘတချို့က တွက်ကြတယ်။ သားသမီးတွေ မှားတော့ အပြစ်ပုံပြောတယ်။ ကြိုတင်ပြီး မိဘသားသမီး လမ်းကောင်းရောက်ဖို့၊ အပေါင်းအသင်းကောင်းရဖို့ ကြိုပြီးမိဘအနေနှင့် လမ်းရှာစီ စဉ်ပေးဖို့လို တယ်။

၄ ကိုယ့်သားသမီးတွေမှာ ကိုယ့်ထက်သာတဲ့ အတွေ့ အကြုံတွေ၊ အသိပညာတွေ၊ ဗဟုသုတတွေရှိလို့ လိုအပ်ရင် မိဘက သားသမီးတွေရှီမှာ သင်ယူရမယ်လို့ မိဘက လက်ခံနိုင်ရမယ်။

၅. သားသမီးတွေက မိဘလောက်သာ အတွေအခေါ် အသိဥာဏ်ရှိရင် အခု မိဘတွေဆုံးမနေတဲ့ အမှားမျိုး ကလေးတွေ ဘယ်လုပ်ပါ့ မလဲ။

၆. မိဘလုပ်ခဲ့တဲ့ အမှားနှင့် ဆယ်ကျော်သက်အရွယ် သားသမီး လုပ်ခဲ့တဲ့ အမှားကိုယှဉ်ကြည့်ပါ။ ဘယ်သူ့အမှားက ပို ကြီးသလည်း။ ခလေးတွေလုပ်တဲ့ 'အမှား' က အိမ်ထောင်တစ်ခုလုံး ပြိုကွဲပျက် မသွားပါဘူး။ မိဘ လုပ်မိတဲ့ အမှားများကသာ စီးပွားပြုတ်၊ အိမ်ထောင်ပျက်၊ တမိသားစုလုံး ဒုက္ခရောက်တာ။ သားသမီးတွေ 'အမှား' လုပ်မိရင် မိဘက ပြောမဆုံး။ မိဘမှားရင် သားသမီးက ဘာပြောရဲသလဲ။ အမှားတွေလုပ်မိလို့ သတင်းစာမှာ မိဘက သားသမီးကို စွန့်တဲ့ အကြောင်းသာ ဖတ်ဘူးတယ်။ မိဘ မိုက်မှားပြီး သားသမီးနှင့် အိမ်ထောင်ကို တာဝန်မဲ့စွာ ထားခဲ့လို့ 'မိဘ အဖြစ်ကနေ 'စွန့်လွှတ်ကြောင်း ဘယ်သားသမီးကမှ သတင်းစာမှာ ကြော်ငြာထဲ့တာ မတွေ့ဘူးပါ။

၇. မိဘ အနေနှင့် သားသမီးနေရာကနေ ခံစားစဉ်းစားတတ်ပါ။ မိဘက သားသမီးတွေ အသက်က ကျော်လာခဲ့လို့ သူတို့နေရာကနေ စဉ်းစားတတ်ရမယ်။ သားသမီးတွေက မိဘအသက် မရောက်ဖူးလို့ သူတို့ မိဘနေရာက မစဉ်းစားနိုင်သေးဘူ။

ဤဆောင်းပါးကို ဖတ်မိသူတိုင်း မိမိတို့ နေ့စဉ်ဖြတ်သန်းနေသော လုပ်ရပ် ကိစ္စများကို နှစ်ဘက်မှကြည့် ပြီးမှ သုံးသပ်ပါရန် သတိပေးရင်း မိသားစုအားလုံး ပျော်ရွှင် အေးချမ်းသော အိမ်ထောင် တည်ဆောက်နိုင်ပါစေလို့ ဆုတောင်း မေတ္တာပို့ လိုက်ပါသည်။

ဖိုးဝမောင် ( အော်စလို)
၂၁.၀၈.၂၀၀၆